# မြန်မာရာမဇာတ်စာပေများ
# နှိုင်းယှဉ်လေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မခင်ညိုအောင်



မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ခုနှစ်၊ ဩဂုတ်လ

# ကျမ်းအကျဉ်းချုပ်

ယခုရေးသားတင်သွင်းသော "မြန်မာရာမဇာတ်စာပေများ နှိုင်းယှဉ်လေ့လာချက်" ကျမ်းကို အခန်း (၅) ခန်းခွဲထားပါသည်။

အခန်း(၁)တွင် မြန်မာရာမဇာတ်စာပေနိဒါန်းကို တင်ပြထားပါသည်။ မြန်မာနိုင်ငံသို့ ရာမစာပေ ရောက်ရှိလာပုံ၊ ရာမာယဏဇာတ်နေရာယူခဲ့ပုံတို့ကို အထောက်အထားများနှင့်တကွ အသေးစိတ် တင်ပြထားသည်။

အခန်း (၂) ရာမဝတ္ထုစာပေကဏ္ဍတွင် ပထမဦးစွာ မူရင်းမြန်မာပြန်ရာမာယဏကျမ်း (၆) စောင်နှင့် မဟာရာမဝတ္ထုကို နှိုင်းယှဉ်လေ့လာတင်ပြထားသည်။ ထိုသို့နှိုင်းယှဉ်ရာ၌ မူရင်းဇာတ်လမ်းမှ ဖြတ်ချန်ခဲ့သော အချက်များ ဖြည့်စွက်ချက်၊အသစ်မွမ်းမံချက်၊ မူရင်းမြန်မာပြန်ရာမာယဏနှင့်ကွဲပြားချက်များကို ထုတ်နုတ်တင်ပြထားပါသည်။ ဆက်လက်၍ ရာမဝတ္ထုပေမူဟောင်းနှင့်မဟာရာမဝတ္ထုကိုလည်း နှိုင်းယှဉ်သုံးသပ်တင်ပြထားသည်။ ရွှေပြည်တန်စိုးဝင်း၏ ရာမဇာတ်တော်ကြီးဝတ္ထုနှင့် မြန်မာရာမ စာပေ၊ မူရင်းမြန်မာပြန်ရာမာယဏတို့နှင့် မတူညီကွဲလွဲချက်များ၊ ဦးဖိုးစိန်၏ နန်းတွင်းရာမ ပထမအုပ်နှင့် မြန်မာရာမစာပေများ နှိုင်းယှဉ်၍ လေ့လာတင်ပြထားသည်။

အခန်း(၃)သည် သာချင်းကဏ္ဍဖြစ်သည်။ ဦးအောင်ဖြိုး၏ ရာမသာချင်းနှင့် ရခိုင်ဆရာထွန်း၏ အလောင်းတော်ရာမသာချင်း (၂)ပုဒ်ကို လေ့လာတင်ပြထားပါသည်။ ထိုသာချင်း (၂)ပုဒ် စလုံးကို မူရင်း မြန်မာပြန်၊ မဟာရာမဝတ္ထု၊ ဦးဖိုးစိန်၏ နန်းတွင်းရာမပထမအုပ်၊ နေမျိုးနာဋကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီးတို့နှင့် ကွဲလွဲချက်များကို အသေးစိတ် လေ့လာသုံးသပ်ထားပါသည်။

အခန်း (၄) သည် ရကန်စာပေကဏ္ဍဖြစ်ပါသည်။ ဦးတိုး၏ ရာမရကန် (၃၄)ပုဒ်၊ ဦးရွှဲ၏ ရာမရကန်၊ အမည်မသိစာဆိုတို့၏ ရာမရကန်တို့ကို အခန်းခွဲ၍ တင်ပြထားသည်။ ရကန်အားလုံးကို မဟာရာမဝတ္ထု၊ ရာမသာချင်း၊ မူရင်းမြန်မာပြန် ရာမာယဏတို့နှင့် နှိုင်းယှဉ်လေ့လာတင်ပြထားပါသည်။

အခန်း (၅)သည် ပြဇာတ်အခန်းကဏ္ဍဖြစ်ပါသည်။ နေမျိုးနာဋကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီး ပထမတွဲ၊ဒုတိယတွဲ၊တတိယတွဲလာ ဇာတ်လမ်းဇာတ်ဆောင် စီစဉ်တင်ဆက်ထားပုံများကို ဗာလပိုင်းမှ ဥတ္တရပိုင်းအထိ အသေးစိတ် နှိုင်းယှဉ် ဝေဖန်သုံးသပ်ထားသည်။

ထို့နောက် ခြုံငုံသုံးသပ်ချက်၊ နိဂုံး၊ နောက်ဆက်တွဲ အမည်နာမကွာခြားချက်၊ နောက်ဆက်တွဲ ရာမဆိုင်ရာ သီချင်းများ၊ နောက်ဆက်တွဲရာမဇာတ် စာပေများကို ရှာဖွေတင်ပြထားပါသည်။ ဤကျမ်းတွင် မြန်မာရာမစာပေများသည် မူရင်းမြန်မာပြန်ရာမာယဏစာပေနှင့် ကွဲပြားချက်ဖြည့်စွက် ဖန်တီးချက် အသစ်တီထွင်ချက်များကို အသေးစိတ်လေ့လာသုံးသပ်၍ စီစဉ်တင်ပြထားသောကျမ်းဖြစ်ပါသည်။